# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ တနင်္လာနေ့ (28-11-2011) (၆၉၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေးကျင်းပ

**ရန်ကုန်   နိုဝင်ဘာ   ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ ဘွဲ့နှင်းသိမ်မွှာရုံ၌ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက **စာမျက်နှာ ၃ ကော်လံ ၁ သို့**✻

### ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီ** တံတား(ညောင်တုန်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော်   နိုဝင်ဘာ   ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မီခေးလ် ဗွီ မီယာ စညီကိုဗစ်ချ်နှင့် ဇနီး မစ္စစ် လုဒ်မီလာ မီယာစညီကိုဗစ်ချ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား(ညောင်တုန်း) ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေးချီးမြှင့်

## တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်နေ

## တစ်ဖက်က တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ရင်း တစ်ဖက်ကလည်း စီးပွားဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိ

ရန်ကုန်   နိုဝင်ဘာ   ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်ခဲ့သည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ညောင်တုန်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားကြီးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့✤

ကြေးမုံစာတည်းရှုထောင့်

၂၈-၁၁-၂၀၁၁ [တနင်္လာနေ့]။

## ပြုနိုင်ခဲ့သော ဇီဝိတဒါန ပီတိသုခ

သိပ္ပံနှင့်နည်းပညာများ တိုးတက်လာမှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုလက်မှု၊ ဆက်သွယ်ရေး၊ ခရီးသွားလာမှု စသည့် ကဏ္ဍတိုင်း၌ ခေတ်မီနည်းပညာများ အသုံးပြုလာကြသည်။ အသစ်အဆန်းပစ္စည်းကိရိယာများမှအစ ဓာတုဗေဒဆေးဝါး၊ စက်ပစ္စည်းအမျိုးမျိုးအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြသည်။

ဆေးပညာရပ်တွင်လည်း ဆေးဝါး၊ ကုထုံး၊ နည်းပညာရပ်များ တိုးတက်လျက်ရှိရာ လူသားတို့၏ အသက်ရှည်ကျန်းမာရေးကို ပိုမိုအကျိုးပြုနေပြီ။ သာမန်ခွဲစိတ်ကုသမှုများအပြင် လူ၏ခန္ဓာကိုယ်အတွင်းရှိ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ် စသည့်အစိတ်အပိုင်းများ အစားထိုးကုသခြင်းတို့ကိုပင် အလွယ်တကူ လုပ်ဆောင်နိုင်ကြပြီ ဖြစ်သည်။ ဆေးပညာရပ်များ မည်သို့ပင် တိုးတက်ဖြစ်ထွန်းလာစေကာမူ အစားထိုးမရနိုင်သေးသောအရာမှာ သွေးနှင့် သွေးပစ္စည်းဖြစ်သည်။

ဆေးပညာကုသမှုတွင် မရှိမဖြစ်သောသွေးသည် လူ၏အသက်ဖြစ်သည်။ သွေးသွင်းကုသရမည့်လူနာများအတွက် သွေးကို အချိန်မီ လုံလောက်စွာရရှိရန် လိုအပ်သည်။ သန့်စင်သည့်သွေး၊ ရောဂါပိုးကင်းရှင်းသောသွေးများ စုဆောင်းရရှိရန်လည်း အရေးကြီးသည်။ သွေးလှူဒါန်းလိုသူ အများစုရှိကြသော်လည်း သွေးလှူဒါန်းပွဲများနှင့် ကြုံကြိုက်မှသာ လှူနိုင်ကြသည်။

တစ်ဖက်မှလည်း သွေးလွန်တုပ်ကွေးကဲ့သို့ ရောဂါမျိုးတွင် သုံးရသည့် သွေးရည်ကြည်မှာ ရက်အကန့်အသတ်ဖြင့်သာသုံးရသောကြောင့် နေ့စဉ်ပုံမှန် သွေးလှူရှင်များ လိုအပ်နေသေးသည်။ သွေးသွင်းကုသမှုလုပ်ငန်းတိုင်းအတွက် အန္တရာယ်ကင်းသောသွေးများ နေ့စဉ်လိုအပ်လျက်ရှိရာ ပုံမှန်လှူဒါန်းသည့် သွေးလှူရှင်များ လိုအပ်နေပေဦးမည်။

သွေးလှူရှင်များအနေဖြင့် သွေးလှူလိုသော စိတ်စေတနာရှိရုံသာမက ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုး စသည့်ရောဂါပိုး ကင်းစင်သူများ ဖြစ်ကြရပေမည်။ သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အနေဖြင့် ခေတ္တအနားယူခြင်း၊ အစားအစာဖြည့်ခြင်းဖြင့် လန်းဆန်းလာနိုင်ပေသည်။

သွေးလှူခြင်းသည် လူ၏အသက်ကို ကယ်တင်ခြင်းဖြစ်သည်။ မိမိ၏ခန္ဓာကိုယ်မှသွေးကို ဖောက်ထုတ်၍ လှူဒါန်းရခြင်းဖြစ်ရာ လူတိုင်းပြုနိုင်ခဲသော ဇီဝိတဒါနကုသိုလ်ပင်။ မိမိကိုယ်တိုင်လည်း သန့်စင်သောသွေးပေးလှူ၊ အခြားလှူဒါန်းလိုသူများကိုလည်း ပုံမှန်သွေးလှူရှင်များ ဖြစ်လာရေး အားပေးထောက်ပံ့ကူညီခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်သော သွေးလှူရသည့် ပီတိသုခ ထာဝရခံစားရရှိနေကြမည်ဟူ၍ ရှုမြင်မိပါသည်။ ။

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးမှ ဘိုးဘွားများ ဗုဒ္ဓမြတ်စွယ်တော် သွားရောက်ဖူးမြော်၊ အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ စတုတ္ထနေ့အဖြစ် အပူဇော်ခံလျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား နိုဝင်ဘာ ၂၅ ရက် နံနက် ၆ နာရီတွင် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးမှ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဘိုးဘွားရိပ်သာ အလှူရှင်များ၊ ဘိုးဘွားများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၀၆ ဦး သွားရောက်ဖူးမြော်၍ အလှူငွေကျပ် ၁၀၇၃၀၀၀ ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်တော်မူကြရာတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့ အစည်းတစ်ခုဖြင့် အောင်မြင်နိုင်မည်မဟုတ် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဆောင်ရွက်မှ အောင်မြင်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသမြွက်ကြားသည့် သာရဏီယ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-**

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေးသို့ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အလေးဂရုပြုကာ ကြွရောက်တော် မူလာကြပါကုန်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စတို့ကို လုံ့လမလစ် အားသစ်ကြိုးပမ်းထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းသီတင်းသုံးတော်မူကြသော ဂိုဏ်းအသီးသီးရှိ သံဃာတော်အားလုံး စိတ်တူကိုယ်မျှ ညီညွတ်ကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခြင်းကြောင့် သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းဆုတ်ယုတ်စေနိုင်၊ သာသနာတော်ကြီး ကွယ်ပျောက်စေနိုင်သည့် အဓမ္မဝါဒများကို ဓမ္မစက် အာဏာစက်ဖြင့် ဖယ်ရှားနိုင်ခဲ့ပြီး ရဟန်းတု ရဟန်းယောင်များ၊ အလဇ္ဇီဒုဿီလ ရဟန်းဆိုးများကိုလည်း ဓမ္မစက် အာဏာစက် တွဲဖက်၍ သုတ်သင်ရှင်းလင်းနိုင်ခဲ့ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူကြရာတွင် ဂိုဏ်းပေါင်းစုံ သံဃာစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးပါသည်ဘုရား။ ထို့ကြောင့်-

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါသခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။**

ဝိဝါဒံ ငါသာအမှန်၊ သူမမှန်ဟု ခိုက်ရန်ကွဲပြား ငြင်းခုံဖက်စကား ပြောကြားခြင်းကို။ ဘယတော၊ ကြောက်မက်ဖွယ်ဘေးကြီးဟူ၍။ ဒိသွာ၊ ရှုမြင်ကြကုန်၍လည်းကောင်း။ အဝိဝါဒံ၊ ဆန့်ကျင်ဘက်စကား မပြောကြားဘဲ တစ်သားတည်း ညီညွတ်ခြင်းကို။ ခေမတော၊ ဘေးရန်မသန်း အေးချမ်းသာယာသော အနေအားဖြင့်။ ဒိသွာစ၊ ရှုမြင်ကြကုန် ၍လည်းကောင်း။ သမဂ္ဂါ၊ ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားတည်း ညီညွတ်ကြကုန်သည်။ သခိလာ၊ ချစ်ဖွယ် ပြေပြစ်နှစ်သက်ဖွယ်စကား ပြောကြားကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့၊ ဧသာ ဤသည်ကား။ ဗုဒ္ဓါနုသာသနီ၊ ဘုရားအဆူဆူ အဖန်ဖန် မိန့်တော်မူအပ်သော ဩဝါဒတော်ပါပေတည်း-ဟူသော ဘုရားအဆူဆူတို့၏ ဩဝါဒတော်ကို ဦးထိပ်ရွက်ပန်ဆင်တော်မူကြလျက် ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး၊ ပုဂ္ဂိုလ်အချင်းချင်း တစ်ပါးနှင့်တစ်ပါး အငြင်းပွားငြင်းခုံမှုများကို ရှောင်ရှားတော်မူကြ၍ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေး ရှေးရှုတော်မူကြကာ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားအပ်ပါသည် ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား-**

မြတ်စွာဘုရားရှင်သည် ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ် ကုမ္ဘဃောသက ဝတ္ထု၌-

**ဥဋ္ဌာနဝတော သတီမတော၊**

**သုစိကမ္မဿ နိသမ္မကာရိနော။**

**သညတဿ ဓမ္မဇီဝိနော၊**

**အပ္ပမတ္တဿ ယသော, ဘိဝဍ္ဎတိ။**

ဟူသော ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ဥဋ္ဌာနဝတော၊ ထကြွလုံ့လ ဝီရိယရှိသော။ သတီမတော၊ အောက်မေ့မှု သတိရှိသော။ သုစိကမ္မဿ၊ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သော ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုရှိသော။ နိသမ္မကာရိနော၊ စူးစမ်းနှိုင်းချိန်၍ ပြုလေ့ရှိသော။ သညတဿ၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံးတွင် အပေါက်အကြား မထင်အောင် စောင့်စည်းသော။ ဓမ္မဇီဝိနော၊ ဝေဇ္ဇကမ္မ ဒူတကမ္မ စသည်ပယ်ရှား တရားသဖြင့် အသက်မွေးသော။ အပ္ပမတ္တဿ၊ မမေ့မလျော့သောပုဂ္ဂိုလ်၏။ ယသော၊ စည်းစိမ်ဥစ္စာအဖြာဖြာနှင့် အရာအထူး ကျေးဇူးသတင်း ကျော်စောခြင်းသည်။ အဘိဝဍ္ဎတိ၊ တစ်နေ့တခြား ဒီရေလားသို့ တိုးပွားဖြစ်ထွန်းနိုင်ပေ၏ ဟူ၍ဟောကြားတော်မူခဲ့ပါသည်။

**ဤဒေသနာတော်၌-**

**ဥဋ္ဌာနဝတော**-ဟူသော ဒေသနာတော်အရ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်တော်မူကြရာ၌ ထကြွလုံ့လ ဝီရိယရှိရှိ(ဇွဲရှိရှိ) ဆောင်ရွက်တော်မူကြရမည် ဖြစ်ပါသည်ဘုရား။ ထကြွလုံ့လ ဝီရိယရှိရှိ(ဇွဲရှိရှိ) ဆောင်ရွက်တော်မူကြမှသာ "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဟူသော ဒေသနာတော်အရ ဆောင်ရွက်သမျှ သာသနာရေးဆိုင်ရာ ကိစ္စမှန်သမျှ အောင်မြင်ထမြောက်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။

**သတီမတော**-ဟူသော ဒေသနာတော်အရ လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်တော်မူကြရာတွင် အမြဲမပြတ် သတိချပ်လျက် ဆောင်ရွက်တော်မူကြရမည် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကလည်း "သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" ရဟန်းတို့ သတိကိုကား အရာရာ၌ အလိုရှိအပ်၏ဟု ငါဘုရား မိန့်တော်မူ၏ ဟူ၍ ဟောတော်မူခဲ့ပါသည်ဘုရား။

**သုစိကမ္မဿ**- ဟူသော ဒေသနာတော်အရ နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်များသည် ကိုယ်အမှု နှုတ်အမှု စိတ်အမှု ဟူသမျှတို့ကို အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သူများ ဖြစ်အောင် ရှေ့ဆောင်လမ်းပြကျင့်ဆောင်ကြဖို့ လိုအပ်ပါသည်ဘုရား။

**"သုစိကမ္မဿ ဟိ နိဒ္ဒေါသေဟိ နိရပရာဓေဟိ ကာယကမ္မာဒီဟိ သမန္နာဂတဿ"** ဟူသော အဋ္ဌကထာ ဖွင့်ဆိုအပ်သည်နှင့်အညီ ကိုယ်အမှု၊ နှုတ်အမှု စသည်တို့ ပြုပြုသမျှ ချို့ယွင်းချက် အပြစ်ကင်းစင်နေကြမှသာ အများ၏ ကြည်ညိုလေးစားမှုကို ရရှိကြ၍ သာသနာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ကြရာတွင် အောင်မြင်ပြီးမြောက်နိုင်မည် ဖြစ်ပါသည်ဘုရား။

**နိသမ္မကာရိနော**- ဟူသော ဒေသနာတော်အရ "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဟူသော မြန်မာပရိဘာသာနှင့် အညီ အရာရာဝယ် စူးစမ်းနှိုင်းချိန်၍ ပြုလုပ်ဆောင်ရွက်တော်မူကြရန်ကိုလည်း သတိပေးစကား လျှောက်ထားလိုပါသည်ဘုရား။

**သညတဿ**- ဟူသော ဒေသနာတော်အရ "ကာယာဒီဟိသညတဿနိစ္စိဒ္ဒဿ" ဟူသော အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည့်အတိုင်း သူတစ်ပါးတို့ အပြစ်တင်ဖွယ် အပေါက်အကြား မထင်အောင် ကိုယ် နှုတ် နှလုံး စောင့်သုံးတော်မူကြရမည်ဖြစ်ပါသည်ဘုရား။

**ဓမ္မဇီဝိနော**- ဟူသော ဒေသနာတော်အရ ရဟန်းတော်များအတွက် "အနာဂါရိကဿ ဝေဇ္ဇကမ္မ ဒူတကမ္မာဒီနိဝဇ္ဇေတွာ ဓမ္မေန သမေနဘိက္ခာစရိယာယ ဇီဝိတံ ကပ္ပေန္တဿ"ဟူသော အဋ္ဌကထာ ဖွင့်ဆိုအတိုင်း ဗုဒ္ဓပဋိက္ခေပ္ပဖြစ်သော ဘုန်းကြီးအောင် ပြုလုပ်မှု၊ အထင်ကြီးအောင် ပြုလုပ်မှုများကိုလည်း ရှောင်ရှားတော်မူကြရမည်ဖြစ်ပါသည်ဘုရား။

**အပ္ပမတ္တဿ**- ဟူသော ဒေသနာတော်အရ သာသနာရေးရာကိစ္စ၊ ဝိနိစ္ဆယရေးရာကိစ္စ၊ ပညာရေးရာကိစ္စများကို ဆောင်ရွက်တော်မူကြရာတွင် မမေ့မလျော့၊ မပေါ့မဆ အပ္ပမာဒတရား လက်ကိုင်ထား၍ ဆောင်ရွက်တော်မူကြရန်ကိုလည်း တိုက်တွန်းအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ ဓမ္မစက်၊ နိုင်ငံတော်အစိုးရ၏ အာဏာစက်ဖြင့် လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုများ ရရှိခဲ့ကြပါသည်ဘုရား။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြရာတွင် မြတ်စွာဘုရားရှင်၏ ဝိနည်းတရားတော် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ ပြတ်ပြတ်သားသား ဆုံးဖြတ်တော်မူကြမှသာ အာဏာစက်ဖြင့် အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရာတွင် လွယ်လွယ်ကူကူဆောင်ရွက်နိုင်ကြမည်ဖြစ်သဖြင့် ဓမ္မစက် ဆုံးဖြတ်ချက်သည် တိကျပြတ်သားရန် လိုအပ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရာတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့ အစည်းတစ်ခုဖြင့် ဆောင်ရွက်၍ အောင်မြင်နိုင်မည် မဟုတ်ပါဘုရား။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ အချင်းချင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်သွားကြမှ အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်း အချင်းချင်းလည်းကောင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်း အချင်းချင်းလည်းကောင်း ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။ ။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁.၃၄၀၀ | ၀.၀၃၁၉၁ |
| တရုတ် (ယွမ်) | ၆.၃၇၃၂၀ | ၀.၁၅၆၉၁ |
| အိန္ဒိယ (ရူပီး) | ၅၂.၂၅၀၀ | ၀.၀၁၉၁၄ |
| မလေးရှား (ရင်းဂစ်) | ၃.၁၉၇၄၀ | ၀.၃၁၂၇၅ |
| စင်ကာပူ (ဒေါ်လာ) | ၁.၃၁၂၄၀ | ၀.၇၆၁၉၆ |
| ဂျပန် (ယန်း) | ၇၇.၇၄၀၀ | ၀.၀၁၂၈၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၂.၃၀ | ၀.၀၀၀၈၆ |
| ယူရို | ၀.၇၅၇၅၆ | ၁.၃၂၀၇၀ |
| ဗြိတိသျှ (ပေါင်) | ၀.၆၄၇၇၅ | ၁.၅၄၃၈၀ |

အင်တာနက်။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၁-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၅၇)**
၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၂၅)**
၈း၀၀ ၁၄။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့နှင်းအား (အပိုင်း-၁၃)**
၂၃။ Mini Series

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

**✻ ဆဌအကြိမ်မှ**

ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသဘာပတိ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း ပေါ်ပေါက်လာသည်မှစ၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာအပိုင်းကို ဆောင်ရွက်တော်မူကြရာတွင် ငါးသိန်းကျော် သံဃာထုကြီးအတွင်း မှုခင်းမျိုးစုံကို ကြီးသောအမှုသေးငယ်အောင်၊ သေးငယ်သောအမှုပပျောက်အောင် ဝိနည်းတရားတော်နှင့်အညီ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲကျမ်းများ ကိုးကားအသုံးပြုလျက် တရားရေးမဏ္ဍိုင်ကြီးသဖွယ် ဆောင်ရွက်တော်မူခဲ့ကြပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး ဖြစ်ပါသည်ဘုရား၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ ဖြစ်ပါသည်ဘုရား။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ငါးသိန်းကျော်မျှသော ဂိုဏ်းပေါင်းစုံ သံဃာတော်အပေါင်းပင် ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် သာသနာတော်ကိစ္စဟူသမျှတို့၌ မိမိ၏ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် လျော်ညီစွာ ဖြည့်ကျင့်အားထုတ်ကြပြီး အဂတိတရားကင်းစင်စွာဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဦးစားပေးထမ်းဆောင်ကြကြောင်း တွေ့ရှိရပါသဖြင့် ဆရာတော်ကြီးများ၏ သီလ သမာဓိ ပညာ သိက္ခာသုံးရပ်ကို ရည်မှန်းလျက် သဒ္ဓါဆပွား ကြည်ညိုအားထားရပါသည်ဘုရား။

ဗုဒ္ဓဘုရားရှင်သည် ဣတိဝုတ်ဒေသနာတော် ကုဟသုတ်၌ သာသနာတော် မကြီးပွားခြင်းအကြောင်းများနှင့် ကြီးပွားခြင်း အကြောင်းနှစ်မျိုးကို နှိုင်းယှဉ်ဟောကြားခဲ့ရာတွင်-

သာသနာတော်၌ မကြီးပွားခြင်းအကြောင်းများမှာ-

- ရဟန်းတော်များသည် ထွက်ရပ်ပေါက်လေဟန်၊ သိဒ္ဓိအမျိုးမျိုး ပြီးလေဟန် စသည်ဖြင့် ဒါယကာ၊ ဒါယိကာမတို့ကို အံ့ဩအောင်၊ အထင်ကြီးအောင် ပြုခြင်း၊
- ဒေါသ မာနတို့ဖြင့် ကြမ်းတမ်းခက်ထန်ခြင်း၊
- ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း၊ လာဘ်လာဘအတွက် တွက်ချက်ဂဏန်းပေးခြင်း စသည့် မှားယွင်းသော အသက်မွေးမြူခြင်း(မိစ္ဆာဇီဝ)ဖြင့် မြူဆွယ်ခြင်း(သို့မဟုတ်) ပစ္စည်း လာဘ်လာဘရရန် ခြောက်လှန့်ပြောဆိုခြင်း၊
- ကုသိုလ်တရားတို့ကို ပယ်ဖျက်တိုက်ဖျက်နိုင်သည့် ဦးချိုအလား ကိလေသာတရားများရှိခြင်း၊
- အချည်းနှီးမာနရှိနေခြင်း၊
- ကမ္မဋ္ဌာန်းတရားတို့၌ စိတ်တည်ငြိမ်စွာ မထားနိုင်ခြင်းတို့ ဖြစ်ပါသည်ဘုရား။



ဆဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ဤသို့ ကျင့်သုံးကြသည့် ရဟန်းတော်များသည် သာသနာတော်မှ ကင်းကွာကြ၍ ဤသာသနာတော်၌လည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လည်း မရောက်နိုင်ကြောင်း ဟောကြားထားခဲ့ပါသည်ဘုရား။

သာသနာတော် မကြီးပွားခြင်းအကြောင်းတရား၏ ဆန့်ကျင်ဘက်ဖြစ်သည့် သာသနာတော်ကြီးပွားကြောင်း တရားများမှာ-

- ဒါယကာ၊ ဒါယိကာမများအား မဂ်ဖိုလ်ရလေဟန် အံ့ဩအောင်၊ အထင်ကြီးအောင်မပြုခြင်း၊
- ဗေဒင်ဟောဓာတ်ရိုက်၍(မိစ္ဆာဇီဝ)ဖြင့် မြူဆွယ်မှုမပြု၊ ခြောက်လှန့်ပြောဆိုမှုမပြုခြင်း၊
- လဇ္ဇီ၊ ဝီရိယ၊ ပညာရှိခြင်း၊
- ဒေါသ၊ မာနဖြင့် မကြမ်းတမ်း မခက်ထန်ခြင်း၊
- ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တည်ငြိမ်နေခြင်းတို့ ဖြစ်ပါသည်ဘုရား။

သာသနာတော်ကြီးပွားရန် အကြောင်းတရားများနှင့် ပြည့်စုံသော ရဟန်းတော်များသည် သာသနာတော်မှ မကင်းကွာကြကုန်၊ သာသနာတော်မှာလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လည်း ရောက်နိုင်ကြောင်း ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဤတရားတော်များသည် သာသနာတော်အတွင်းရှိ ရဟန်းသံဃာတော်အားလုံးအတွက် လွန်စွာအရေးကြီးသော ရှောင်ရန် ဆောင်ရန် တရားတော်များ ဖြစ်ကြပါသည်ဘုရား။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယက စသည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် မိမိတို့ဒေသ နယ်ပယ်အတွင်းရှိ ကျောင်း၊ ကျောင်းတိုက်များမှ ရဟန်းသာမဏေများအား ဝိနည်းသိက္ခာ စည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ ကုဟသုတ်တော်လာ ရှောင်ရန်၊ ဆောင်ရန်အချက်များကို တိကျစွာလိုက်နာရေး၊ လူဝတ်ကြောင် လူပုဂ္ဂိုလ်တို့၏ ရှုပ်ထွေးလှသော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်မှုများ မရှိစေရေး၊ မိမိတို့၏ သာသနာ့တာဝန်ဖြစ်သော ဂန္ထ-ဝိပဿနာ နှစ်ဖြာဓုရ အကျင့်မြတ်တို့ကို ဆက်စပ်ထိမိ သိရှိလိုက်နာ ကျင့်ကြံကြစေရေး စသည်တို့ကို မိမိလည်းကျင့်ဆောင် ဒါယကာ၊ ဒါယိကာမများကိုလည်း အသိအမြင် လမ်းညွှန်ဟောပြစေရေး ကြပ်မတ်ကြီးကြပ်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို မဆုတ်မနစ်၊ အားသစ်ထပ်လောင်း၊ စုပေါင်းဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံတော်အစိုးရအမှူးရှိသော ပြည်သူပြည်သားအပေါင်းတို့ကလည်း ဓမ္မာပစ္စယနုဂ္ဂဟနှစ်ဖြာ ယုံကြည်စွာဖြင့် သဒ္ဓါရွှင်လန်း လှူဒါန်းပူဇော်ကြမည်သာ ဖြစ်ပါသည်ဘုရား။ ဤသို့ ဆရာဒကာ ညီညာလက်ယှက် သာသနာတော်မြတ်ကြီးအတွက် အားတက်ပြုစု ကုသိုလ်ထုကြောင့် ချမ်းမြကြည်သာ ပြည်မြန်မာ၌ သာသနာရောင်ရှိန် ထွန်းထိန်ပါစေကြောင်း ဆုမွန်ပတ္ထနာပြုရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကိုဆက်လက်ကျင်းပရာ ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဆဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဆဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ အဖွဲ့ဝင်ဆရာတော်များ၏ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ၊ သာသနာရေးဆိုင်ရာ လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်အတည်ပြုတော်မူကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့တွင် ဒေါ်ကြူကြူမော်က အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဗဟန်းမြို့နယ် အမှတ်(၁)ဆရာစံမြောက်ရပ်ကွက်နေ ကွယ်လွန်သူ ဦးမျိုးမြင့်-ဒေါ်ဝင်းမေတို့အား ရည်စူး၍ ဒေါက်တာမောင်မောင်အောင်-ဒေါက်တာလှလှဝင်း၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းမြင့်၊ ဦးတင်အေး-ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းဇော်ထွန်းနှင့် မြေးတစ်စုတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)



# ကျိုက္ကလော့ ရွှေမင်းဝံဘိုးဘွားရိပ်သာ မင်္ဂလာအုတ်မြစ်တော်စီအခမ်းအနား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၇

**သမိုင်းဝင် ကျိုက္ကလော့စေတီတော် ဝတ္တကမြေပေါ်တွင် ကျိုက္ကလော့ ရွှေမင်းဝံဘိုးဘွားရိပ်သာ မင်္ဂလာအုတ်မြစ်တော်စီ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အဆိုပါနေရာ၌ကျင်းပရာ ရွှေမင်းဝံသာသနာ့ရိပ်သာ(ရန်ကုန်)နှင့် သောဘနာရာမရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)တို့၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ ရွှေမင်းဝံဆရာတော် ဦးသောဘနအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များသည် သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာအုတ်မြစ်တော်များ စီပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ အဆိုပါ ဘိုးဘွားရိပ်သာတွင် ပင်မဆောင် တစ်ဆောင်၊ အဘိုးဆောင် တစ်ဆောင်၊ အဘွားဆောင် နှစ်ဆောင်နှင့် ဆေးပေးခန်း၊ ဓမ္မာရုံ၊ ထမင်းစားဆောင်၊ စားဖိုဆောင်များ ပါဝင်တည်ဆောက်မည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ကျိုက္ကလော့ ရွှေမင်းဝံဘိုးဘွားရိပ်သာ မင်္ဂလာအုတ်မြစ်တော်စီအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁၁-၂၀၁၁ (တနင်္လာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဒုက္ခဘာကြောင့်ဖြစ်တာလဲ" တရားတော် (ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၆း၃၀ ရှင်တော်မဟာမုနိ . . . ဘဂဝါပူဇေမိ
၆း၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၄)**
၈း၅၀ Activities In The City
၉း၀၀ ဗဟုသုတတိုးစေဖို့ လေ့လာရေးခရီးသွားကြစို့
၉း၁၅ မြန်မာ-မလေးရှားစက်မှုပြပွဲ ၂၀၁၁ ၏ အောင်မြင်မှု မှတ်တိုင်တစ်ခု
၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ
၁၀း၁၀ အလင်းဗေဒ၏ ရန့်သစ်ခြေသံ
၁၀း၂၀ The Champion of Dance
၁၁း၀၀ Celebrity Choice
၁၁း၃၀ နတ်လူသာခုခေါ် ဖွယ်ရာ မြတ်သောအလှူတော် မွေးနေ့မင်္ဂလာ
၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၃)**
၁၂း၂၅ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
၁၂း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀ ကြည်ညိုဖူးမြော် မြတ်စွယ်တော်
၁း၄၀ မန္တလာမြေမှ ပရိဘောဂကမ္ဘာ Sweety Life Funiture
၂း၀၀ MRTV-4 သတင်း
၂း၂၀ ဗီဒီယိုပြခန်း
၂း၄၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂)
၃း၀၅ Eushido နှင့် သူ၏ချစ်သူများ
၃း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၉)**
၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၄)**
၅း၁၀ World Friends Korea Conference for Representatives of Host Organizations 2011
၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၃)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၀)**
၇း၁၀ Alex Birthday Show (အပိုင်း-၁)
၈း၀၀ MRTV-4 သတင်း
၈း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၅)**
၉း၃၀ စိုင်းခမ်းလိတ်(သို့) သီချင်းတွေ ပွင့်တဲ့ချယ်ရီမြေ Liveshow (LIVE)
၁၂း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၄)**
၁း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၃၀ Sunday Talk (ချစ်ဝင်းမောင်၊ မျိုးမြတ်သူ)
၂း၀၀ စကားနပန်း
၂း၅၀ အနုပညာမိုးကောင်းကင်
၃း၁၀ ရွှေမန်းမြေမှ ရွှေတြိဂံ (သံပေါင် Structure နှင့် ရေအားလျှပ်စစ်တာဘိုင်)
၃း၂၀ International Show Biz
၃း၃၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ
၃း၅၀ သန့်ရှင်းကျန်းမာသော အာဟာရပြည့်မှုများနှင့်အတူ
၄း၀၅ ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပဝါအုပ်ဆိုး
၄း၁၀ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
၄း၃၀ သဘာဝအလှများ စုဝေးရာ ပူတာအိုမြို့
၄း၃၅ တန်ခိုးထွတ်ခေါင် ရွှေနတ်တောင်
၅း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်အားကစားဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားအထွေထွေဗျူရိုဝန်ကြီး H. E. Mr. Liu Peng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး H. E. Mr. Liu Peng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အားကစား ပူးပေါင်းဆောင်ရွက်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားအထွေထွေဗျူရို ဝန်ကြီး H. E. Mr. Liu Peng အား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)





**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**☆ ကျောဖုံးမှ**

တပ်ကုန်းမြို့နယ်ဆေးရုံသည် ယခင်က ခုတင်(၅၀)ဆံ့ဖြစ်ပြီး ၂၆-၅-၂၀၁၁ ရက်နေ့ကမှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်ဆေးရုံတည်ရှိခဲ့သည့် နေရာသည် ဆေးရုံအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန် မြေနေရာအခက်အခဲရှိနေသည့်အတွက် ယခုမြေနေရာသစ်တွင် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤဆေးရုံသည် တပ်ကုန်းမြို့နှင့် အနီးတစ်ဝိုက်နေ ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးနိုင်ရန် ခေတ်နှင့်လျော်ညီသည့် ပုံစံဖြင့် ရေးဆွဲတည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို အဆင့်မြှင့်တင်ပေးနေခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့အသက်ရှည် နေထိုင်နိုင်ရေးဆိုသည့် ရည်မှန်းချက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာကြံ့ခိုင်မှသာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများနှင့်၊ နိုင်ငံ့တာဝန်များကို အင်ပြည့်အားပြည့်အချိန်ပြည့် ဆောင်ရွက်နိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ဒေသအသီးသီးတွင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် ဆေးရုံ၊ ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ နှစ်စဉ်နှစ်တိုင်း တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်/ဆရာမများ ပိုမိုခန့်ထားပေးခြင်းစသည်တို့ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ အထူးကုဆရာဝန်များကိုလည်း ခရိုင်အဆင့်နှင့် အချို့မြို့နယ်အဆင့်များမှာပါ တာဝန်ချထားပေးနေပြီဖြစ်သည့်အတွက် ခရိုင်အဆင့်မြို့တိုင်းနှင့် လူဦးရေထူထပ်သော မြို့နယ်တိုင်း၌ အထူးကုများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အလွယ်တကူခံစားရယူနိုင်ကြပြီ ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသည် နှစ်တို၊ နှစ်ရှည် အမျိုးသားကျန်းမာရေးစီမံကိန်းများရေးဆွဲပြီး ပြည်နယ်/တိုင်းဒေသကြီးအားလုံး၌ လိုအပ်လျှင်လိုအပ်သလို (၁၆)ခုတင်မှစပြီး ခုတင်(၁၀၀၀) အထိ ဆေးရုံများ အမြောက်အမြား တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်အထိ နယ်စပ်ဒေသဆေးရုံပေါင်း ၁၀၀၊ မြို့နယ်ခွဲဆေးရုံ ၈၂ ရုံ အပါအဝင် စုစုပေါင်း ဆေးရုံ ၉၄၂ ရုံအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ ကြည့်မည်ဆိုလျှင် ခုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တစ်ရုံ၊ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီး တစ်ရုံ၊ ခုတင် (၁၀၀)ဆံ့ နှစ်ရုံ၊ ခုတင် (၅၀) ဆံ့ ခြောက်ရုံ၊ တိုက်နယ်ဆေးရုံ ခြောက်ရုံနှင့် တည်ဆောက်ဆဲ ခုတင် (၃၀၀) ဆံ့ဆေးရုံကြီး တစ်ရုံ၊ ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး လေးရုံတို့ ရှိနေကြပြီ ဖြစ်ပါကြောင်း။

ကျေးလက်ဒေသတွင် လိုအပ်သော ဆရာဝန်၊ ဆရာမများကို အတတ်နိုင်ဆုံး အင်အားပြည့် ခန့်ထားပေးနိုင်သည့်အတွက် ဒေသအလိုက်ဖြစ်ပွားသော ရောဂါများကို ထိထိရောက်ရောက် ကာကွယ် ကုသမှုပေးနိုင်လျက်ရှိပါကြောင်း၊ အခြေခံကျန်းမာရေး ဝန်ထမ်းများက စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ကျန်းမာရေး စောင့်ရှောက်မှုကို နေရာတိုင်း၊ ရွာတိုင်းဆောင်ရွက်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ ဖွင့်လှစ်သော ခုတင် (၁၀၀)ဆံ့ မြို့နယ်ဆေးရုံသည် ဖွဲ့စည်းပုံအပြည့်နှင့် တည်ဆောက် ဖွင့်လှစ်ပေးထားသည့်အတွက် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုကို ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်ကြတော့မည် ဖြစ်ပါကြောင်း။

ယခုလို မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေး ဝန်ထမ်းများ အားလုံးကလည်း အလားတူ စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လူနာများအပေါ် နွေးထွေး၊ စာနာ၊ ကြင်နာ၊ စေတနာပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းကောင်းများ ဖြစ်ကြအောင် ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်းဆုံးမေတ္တာထား ဆောင်ရွက်ပေးကြရန်လည်း တစ်ပါတည်း မှာကြားလိုပါကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေသော ဤဆေးရုံကြီးတွင် လာရောက် ကုသမှုခံယူကြသည့် ပြည်သူလူထုအား ကုသမှုပေးနေရုံမျှမက ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်နိုင်ကြရေး ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကိုလည်း တတ်အားသရွေ့ ပေးသွားကြရန် လိုအပ်ပါကြောင်း။

မိမိတို့၏ အနေအထိုင် အမူအကျင့် အစားအသောက် မှန်ကန်စွာလိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါ အမြောက်အမြားကို ကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ မိသားစု၏ အသုံးစရိတ် အကုန်အကျများခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး စသည့် သန့်လေးသန့်၏ အကျိုးကျေးဇူးများကိုလည်း လူနာများအား မျှဝေပေးသွားကြစေလိုပါကြောင်း။

ကုသမှုခံယူကြသူ ဒေသခံပြည်သူလူထုများ အနေဖြင့်လည်း နိုင်ငံတော်က စေတနာထား တည်ဆောက်ပေးထားသည့် ဤဆေးရုံကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်၊ အစဉ်သန့်ရှင်းသပ်ရပ်နေအောင်၊ တာဝန်သိသိ စည်းကမ်းရှိရှိ ကုသမှုများခံယူကြပြီး အခါအားလျော်စွာ လိုအပ်သော ပံ့ပိုးကူညီမှုများဖြင့်လည်း ပါဝင်စောင့်ရှောက်ပေးကြရန် အလေးအနက် မေတ္တာရပ်ခံလိုပါကြောင်း။

ထို့ကြောင့် ယနေ့ နေပြည်တော် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ဆံ့ဆေးရုံ ဖွင့်ပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဆေးရုံသစ်တည်ဆောက်စဉ်ကာလ အနီးကပ်ကြီးကြပ် တည်ဆောက်ပေးခဲ့သည့် နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့၊ ဆေးရုံ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် နေပြည်တော်ကောင်စီ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်အသီးသီးနှင့် ဒေသခံ မြို့မိ မြို့ဖတို့ကို နိုင်ငံတော်က အထူးကျေးဇူးတင်ရှိပါသည်ဟုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆေးရုံသစ်နှင့် ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများအား ဦးကံချွန်က လည်းကောင်း၊ ဆေးရုံမြေနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးမျိုးအောင်ကလည်းကောင်း လွှဲပြောင်းပေးအပ်ကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက လက်ခံသည်။

ထို့ပြင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က လှူဒါန်းသော ငွေကျပ်

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**



**ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၅၀ တို့ကို တပ်ကုန်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းထံ ပေးအပ်စဉ်။** (သတင်းစဉ်)

✻ စာမျက်နှာ ၅ မှ

သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံး ပရိဘောဂ ပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၅၀ တို့အား ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ဇော်နိုင်က ပေးအပ်ရာ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက လက်ခံသည်။

ဒေသခံ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဦးဖေအုံမောင်က ယခုဆိုလျှင် မြွေကိုက်ရောဂါအပါအဝင် အထွေထွေရောဂါများကိုပါ ကုသနိုင်တော့မည်ဖြစ်သည့်အတွက် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းဖြင့် ၎င်း၏ ခံစားချက်အား ပြောဆိုခဲ့သည်ကိုကြားခဲ့ရပြီး အခြားဒေသခံပြည်သူများ၏ အတိုင်းမသိဝမ်းသာပီတိဖြစ်ကြရသည့် ပုံရိပ်များနှင့် စကားသံများသည်လည်း မြင်ကြားရသူတိုင်းအတွက် ကြည်နူးစရာ အတိဖြစ်စေခဲ့သည်။

ယခုကဲ့သို့ ဆေးရုံသစ်ဖွင့်လှစ်နိုင်သည်အထိ စီစဉ်ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်၏စေတနာကို မှတ်တမ်းတင်ဂုဏ်ပြုရမည်ဖြစ်သကဲ့သို့ ကျေးဇူးလည်းတင်ရမည်ဖြစ်သည်။

ထို့ကြောင့် ဒေသခံပြည်သူများက ဆေးရုံလူနာဆောင်များရေရှည် တည်တံ့ခိုင်မြဲအောင်၊ အစဉ်သန့်ရှင်းသပ်ရပ်အောင် စည်းကမ်းရှိရှိ အသုံးပြုကြပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို စေတနာအလျောက် အကြံပြုပါဝင် စောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ယနေ့ အသစ်ဖွင့်လှစ်လိုက်သည့် မြို့နယ်ဆေးရုံ ခုတင် (၁၀၀) သည် တပ်ကုန်း မြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ တပ်ကုန်းမှပျော်ဘွယ်သို့အထွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး မိုင်တိုင်အမှတ် (၂၇၈/၃)၌ တည်ရှိပြီး ဧရိယာ ၃၀ ဒသမ ၅၅ ဧက ကျယ်ဝန်းသည်။ အဆိုပါဆေးရုံတွင် အဆောက်အအုံငါးလုံးရှိပြီး နိုင်ငံတော်က ငွေကျပ်သိန်းပေါင်း သုံးသောင်းခန့် အကုန်အကျခံကာ ၂၀၁၁ ခုနှစ် မေလမှစ၍ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြသူ အထူးများပြား

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ်အဖြစ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ နိုဝင်ဘာ ၂၂ ရက်မှစ၍ အပူဇော်ခံလျက်ရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများမှာ အထူးများပြားပြီး ရုံးပိတ်ရက်ဖြစ်သည့် နိုဝင်ဘာ ၂၆ ရက် (စနေနေ့)မှစ၍ ပိုမိုများပြားလာသည်ကို တွေ့ရသည်။

နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) ယနေ့တွင် ဗုဒ္ဓမြတ်စွယ်တော်ဖူးမြော်ကြည်ညိုလိုသူများသည် ရာသီဥတုအေးသည့်ကြားမှ နံနက် ၂ နာရီခန့်ကပင် ကြိုတင်ရောက်ရှိနေရာယူထားကြသည်။

နံနက် ၆ နာရီမှစ၍ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သက်ကြီးရွယ်အိုများ၊ အမျိုးသား၊ အမျိုးသမီးများ စနစ်တကျ ခွဲခြားတန်းစီကာ မဟာပါသာဏလိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်မှာ ယခင်နေ့များကထက် အထူးများပြားသည်ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

စွယ်တော်ဖူးလာ ပြည်သူများတွင် ရန်ကုန်တိုင်းဒေသကြီးမှ သာမကပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရဟန်းရှင်လူပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ယနေ့မွန်းလွဲ ၂ နာရီ နေပူကျဲကျဲကြားမှပင် ကမ္ဘာအေးစေတီလမ်းဝင်ပေါက် (ကျောက်မျက်)ဂိတ်မှ သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) အထိ အမျိုးသားများ အတန်း၊ ကမ္ဘာအေးစေတီလမ်းဝင်ပေါက် (ကျောက်မျက်) ဂိတ်မှ ချော်တွင်းကုန်းမီးပွိုင့်နှင့် ပါရမီလမ်းတစ်လျှောက် အမျိုးသမီးများ အတန်းတို့ဖြင့် တန်းစီစောင့်ဆိုင်းနေသည့် ဖူးမြော်ကြည်ညိုမည့်သူများကား လျော့နည်းသွားခြင်း မရှိ၊ များသည်ထက်များလာသည်ကို တွေ့ရသည်။

များပြားလှသည့် ဗုဒ္ဓမြတ်စွယ်တော်ဖူးမြော် ကြည်ညိုကြသူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနများနှင့် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီပေးလျက်ရှိသည်ကို စိတ်ကြည်နူးဖွယ်တွေ့ရသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူအတွင်း ဒီဇင်ဘာ ၇ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၉ နာရီအထိ အပူဇော်ခံထားရှိသွားမည်ဖြစ်သည်။

**သတင်းမှတ်စု-ရီရီမြင့်၊ ဥမ္မာသန့်(သတင်းစဉ်)**

## 6 th ASEAN Para Games ပြိုင်ပွဲ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် 6 th ASEAN Para Games ပြိုင်ပွဲသို့ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ မသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ စစ်တုရင်နှင့် ဘော်လီဘောပြိုင်ပွဲများပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား( အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် ဘိုကလေးမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပုသိမ်ခရိုင်အသင်းက လပွတ္တာခရိုင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် ဖျာပုံခရိုင်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရှမ်းပြည်နယ် တရားရေးဦးစီးမှူးရုံးနှင့် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

## တရားရုံးတွင် ဥပဒေက အပ်နှင်းသောအာဏာသာရှိ၊ ဥပဒေနှင့်အညီသာ ဆုံးဖြတ်နိုင် အမှန်ကိုဖော်ထုတ်၍ တရားစီရင်ရာတွင် မျှတရန်၊ ဥပဒေနှင့် ညီညွတ်ရန်လို

နေပြည်တော် နိုဝင်ဘာ ၂၇

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရှမ်းပြည်နယ်တရားရေးဦးစီးမှူးရုံးနှင့် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများနှင့်တွေ့ဆုံ၍ တရားစီရင်ရေး၊ တရားရုံးစီမံခန့်ခွဲရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ပြည်ထောင်စုတရားသူကြီးချုပ်က ဆက်လက်ပြောကြားရာတွင် တရားရုံးကို ဥပဒေဖြင့် ဖွဲ့စည်းကြောင်း၊ တရားရုံးတွင် ဥပဒေက အပ်နှင်းသောအာဏာသာရှိကြောင်း၊ တရားရုံးသည် ဥပဒေနှင့်အညီသာ ဆုံးဖြတ်နိုင်ကြောင်း၊ အမှန်ကိုဖော်ထုတ်၍ တရားစီရင်ရာတွင် မျှတရန်လိုကြောင်း၊ ဥပဒေနှင့်ညီညွတ်ရန်လည်း လိုကြောင်း၊ မှုခင်းပဋိပက္ခဖြစ်သောသူများသည် မျက်နှာကြီးသည်၊ မျက်နှာငယ်သည်၊ အာဏာရှိသည်၊ အာဏာမဲ့သည်၊ ချမ်းသာသည်၊ ဆင်းရဲသည် မငဲ့ကွက်ဘဲ စစ်ဆေးဖော်ထုတ်၍ ထင်ရှားလာသော အချက်အလက်တို့ကို သက်ဆိုင်ရာဥပဒေနှင့် စပ်ဟပ်ပြီးလျှင် မှန်သည့်အတိုင်း စီရင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်လိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက်တွင် ကလောမြို့နယ်တရားရုံး၊ ပင်းတယမြို့နယ်တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံးတို့ကို လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၊ တောင်ကြီးခရိုင်တရားရုံးနှင့် တောင်ကြီးမြို့နယ်တရားရုံးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri သည် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အိန္ဒိယသမ္မတနိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများအတွက် ပစ္စည်းပေးသွင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## အနာဂတ်အောင်မြင်မှုများအတွက် ပစ္စုပ္ပန်အမှားများကိုပြင်ဆင်ကြပါစို့

ဧေ ယျာ

ရန်ကုန် နိုဝင်ဘာ ၂၇

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ခမ်းနားသိုက်မြိုက်အောင်မြင်စွာဖြင့် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့်လည်း အားကစားနည်း ၂၇ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။**

မြန်မာ့ရိုးရာ လေ့လှော်အားကစားအဖွဲ့က ရွှေတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ တချို့အားကစားအဖွဲ့များမှာ ဆုတံဆိပ်ပင် မရရှိနိုင်ခဲ့ဘဲ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်သတ်မှတ်အရည်အချင်းပင် မပြည့်မီခဲ့ကြောင်း ပြိုင်ပွဲရလဒ်အမှတ်များအရ သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို (၂၇)ကြိမ်မြောက်အဖြစ် ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် နိုင်ငံတော်အစိုးရက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အပိုင်းက နိုင်ငံတော်အဆင့် ပြင်ဆင်ဆောင်ရွက်မှုများ မည်မျှပင်ပြုလုပ်သော်ငြားလည်း အားကစားအဖွဲ့ချုပ်များက အားကစားသမားများကို စနစ်တကျပြုစုစောင့်ရှောက်လေ့ကျင့်မှုများမရှိပါက လာမည့် ၂၀၁၃ ဆီးဂိမ်း၌ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ဆုတံဆိပ်ရရှိမှုနည်းပါးပြီး နိုင်ငံ့ဂုဏ်သိက္ခာ ထိပါးမည်မှာ မလွဲဧကန်ဖြစ်မည့် အခြေအနေဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၃ ဆီးဂိမ်း၌ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်များများရရှိပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန် အားကစားအဖွဲ့ချုပ်များအနေဖြင့် ပြင်ဆင်ပြုပြင်သင့်သည်များကို ယခုမှစ၍ ပြင်ဆင်ဆောင်ရွက်ရမည်ဟု ယူဆပါသည်။

၂၀၁၁ ဆီးဂိမ်း၌ အောင်မြင်မှုမရရှိခဲ့သည့် အားကစားနည်းများမှ ကျွမ်းဘားအားကစားနည်းနှင့် ပတ်သက်၍ အရှေ့တောင်အာရှလက်ရွေးစင်ဟောင်း၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် နည်းပြဟောင်း ဦးဇော်ဝင်းအား ကြေးမုံက မေးမြန်းဖြစ်ခဲ့သည်များကို မြန်မာကျွမ်းဘားအားကစားအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

**ကြေးမုံ။** ။ကျွမ်းဘားအားကစားသမားတွေ ရှုံးနိမ့်ခဲ့ရတာနဲ့ ပတ်သက်ပြီး ဆရာ့အမြင်လေးကို ပြောပါဦး။

**ဦးဇော်ဝင်း။** ။ပြောရမယ်ဆိုရင်တော့ လက်ရှိသွားရောက်ယှဉ်ပြိုင်ကြတဲ့ အားကစားသမားတွေက နိုင်ငံတကာယှဉ်ပြိုင်နိုင်တဲ့အဆင့်ကို မမီသေးပါဘူး။ ပြီးတော့ တရုတ်နိုင်ငံမှာ Acrobetic ကို သွားရောက်လေ့ကျင့်ပြီး အခု ဆီးဂိမ်းမှာ Gymnastics Artistic ကို ယှဉ်ပြိုင်ခဲ့တဲ့အတွက် အောင်ပွဲမှာအနိုင်မရတာက သိပ်တော့ အပြစ်မဆိုသာဘူး။

**ကြေးမုံ။** ။ အဖွဲ့ချုပ်မှာ ဆရာက နည်းပြလုပ်ခဲ့တယ်ဆိုတော့ နိုင်ငံတကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် လူရွေးချယ်မှုအပိုင်းကို ဘာများပြောချင်ပါသလဲ။

**ဦးဇော်ဝင်း။** ။ အဖွဲ့ချုပ်မှာလုပ်တဲ့ နည်းပြ၊ ဒိုင်နဲ့ တာဝန်ရှိသူတွေက ကျွမ်းဘားအားကစားနည်းရဲ့ ဥပဒေတွေကို နားလည်လိုက်နာဖို့ လိုပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားသမားတွေကို စနစ်တကျ ရွေးချယ်ရမယ်။ အရည်အချင်းရှိတဲ့ နည်းပြတွေနဲ့ အရည်အသွေးပြည့်ဝတဲ့ အားကစားသမားတွေကို မွေးထုတ်ပြီး စေလွှတ်ယှဉ်ပြိုင်ရမယ်။ လက်သင့်ရာကို ပြည်ပမှာ သွားရောက်လေ့ကျင့်ခိုင်းပြီး ဝင်ရောက်ယှဉ်ပြိုင်တာမျိုးကို လုံးဝ(လုံးဝ) မလုပ်သင့်ဘူး။ လက်ရှိ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှာ ကျွမ်းဘားအားကစားကို စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်မယ့် နည်းပြတွေ အများကြီးလိုပါတယ်။ အရည်အချင်းရှိတဲ့ နည်းပြတွေကို အဖွဲ့ချုပ်မှာမြဲအောင် စည်းရုံးထားနိုင်ဖို့လည်း လိုပါတယ်။

**ကြေးမုံ။** ။ကျွမ်းဘားအားကစားပြန်လည်ဦးမော့နိုင်ဖို့ ဘယ်လိုတွေ ပြင်ဆင်ဆောင်ရွက်သင့်ပါသလဲ။

**ဦးဇော်ဝင်း ။** ။ကျွမ်းဘားအားကစား ပြန်လည်ဦးမော့ဖို့ဆိုရင် ပထမဆုံး နည်းပြတွေ၊ ဒိုင်တွေရဲ့ အရည်အချင်း ပြည့်ဝနေဖို့ လိုပါတယ်။ ပြီးတော့ အဖွဲ့ချုပ်တာဝန်ရှိသူတွေကလည်း အဖွဲ့ချုပ်မှာ အသုံးပြုမယ့်ပစ္စည်းတွေကို ဝယ်ယူဖြည့်တင်းရပါမယ်။ အဖွဲ့အပေါ်မှာလည်း တကယ်ကိုအောင်မြင်စေချင်တဲ့ စိတ်ကောင်းစေတနာများ ထားရှိဖို့လိုပါတယ်။ ပြိုင်ပွဲတွေကိုလည်း ရာသီအလိုက် မပြတ်ပြုလုပ်ပေးရမယ်။ နိုင်ငံတကာပြိုင်ပွဲရှိလာပြီဆိုရင် လူရွေးချယ်ပွဲလုပ်ပြီး ယှဉ်ပြိုင်ဖို့ စေလွှတ်ရမယ်။ အဲလိုရွေးချယ်ပွဲလုပ်တဲ့အခါမှာလည်း အရည်အချင်းရှိသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်စေပြီး ပြိုင်ပွဲအောင်မြင်ဖို့ကိုပဲ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်ရပါမယ်။

**ကြေးမုံ။** ။ဆရာ့အနေနဲ့ ကျွမ်းဘားအားကစား အောင်မြင်တိုးတက်ရေးအတွက် အကြံပြုစကားလေး ပြောပေးပါဦး။

**ဦးဇော်ဝင်း။** ။ပြိုင်ပွဲတွေမှာ အားကစားသမားများ အမှတ်နည်းရခြင်း၊ ရှုံးနိမ့်ရခြင်းများဟာ နည်းပြများ၊ ဒိုင်များရဲ့ တတ်ကျွမ်းမှု၊ နားလည်မှု၊ လေ့လာမှု အားနည်းတာကို ကျွမ်းဘားဥပဒေအရ သိသာပါတယ်။ ဒါကြောင့် နည်းပြတွေ၊ ဒိုင်တွေက ကျွမ်းဘားဥပဒေကို သေသေချာချာလေ့လာသင်ယူပြီး အားကစားသမားများကို မခွဲခြားမချန်သင်ကြားပြသပေးသင့်ပါတယ်။ မြန်မာနိုင်ငံမှာ ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ ဆုတံဆိပ်များရရှိထားတဲ့ ကစားသမားများ၊ နည်းပြများကို စည်းရုံးလှုံ့ဆော်ဆွေးနွေးပြီး ကျွမ်းဘားအားကစားနည်းတိုးတက်ဖို့ ကြိုးစားဆောင်ရွက်သင့်တယ်လို့ ပြောကြားလိုပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ



နေပြည်တော် နိုဝင်ဘာ ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ ဖိတ်ကြားချက်အရ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥတု ရာသီ တောကို မှီ၍

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mohammad Zillur Rahman နှင့် ဝန်ကြီးချုပ် Mrs. Sheikh Hasina တို့အား ဂါရဝပြုတွေ့ဆုံ

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Mrs. Sheikh Hasina အား ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၂၇

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ဘင်္ဂလားဒေ့ရှ် ရေတပ်ဌာနချုပ်သို့ ရောက်ရှိရာ ရေတပ်ဦးစီးချုပ် Vice Admiral, ZAHIR UDDIN AHMED, (ND), ndc, psc နှင့် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်း၏ရုံးခန်း၌ အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။**

ထို့နောက် အစည်းအဝေးခန်းမ၌ ဘင်္ဂလားဒေ့ရှ်ရေတပ်မှ တာဝန်ရှိသူတစ်ဦးက ဘင်္ဂလားဒေ့ရှ်ရေတပ်ဌာနချုပ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိလိုသည်များကို မေးမြန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်တပ်မဌာနချုပ် (Armed Forces Division) သို့ ရောက်ရှိပြီး Principal Staff Officer, Lieutenant General ABDUL WADUD, ndc, psc နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်လေတပ်ဌာနချုပ်သို့ သွားရောက်၍ လေတပ်ဦးစီးချုပ် Air Marshal, SM ZIAUR RAHMAN, ndc, fawc, psc နှင့် တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Mrs. Sheikh Hasina အား နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mohammad Zillur Rahman အား နံနက် ၁၁ နာရီတွင် Bangabhaban သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့အား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး Major General, MD SHAMIN CHOWDHURY, nwc, psc နှင့် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ပြီး အစည်းအဝေးခန်းမ၌ သင်တန်းနှင့် ပတ်သက်သည်များကို တာဝန်ရှိသူအရာရှိကြီးတစ်ဦးက ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိလိုသည်များကို အသေးစိတ်မေးမြန်းခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့သည် ဒါကာမြို့မှ ရဟတ်ယာဉ်များဖြင့် စစ်တကောင်းမြို့သို့ ထွက်ခွာကြပြီး ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ အမှတ်(၂၄)ခြေလျင်တပ်မမှ တပ်မမှူး Major General, MD ASHAB UDDIN , ndc, psc နှင့်အရာရှိကြီးများ၊ မိသားစုများက ကြိုဆိုကြပြီး VVIP Complex ၌ ညအိပ်ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်(ကြေးမုံ)

ပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲဈေးကွက်များ၌ ရောင်းလိုအားများ၍ ဈေးနှုန်းဆက်တိုက်ကျဆင်းနေသော်လည်း ပဲစင်းငုံ(နီ)ဈေးကွက်တွင်မူ ဈေးနှုန်းအနည်းငယ်တက်လာပြီး စားသောက်ကုန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပေါ်ခဲ့သည်။

**မတ်ပဲ ။** ။ ဈေးကွက်များ၏ ရောင်းလိုအားနှင့် အရည်အသွေးလိုအပ်ချက်များကြောင့် ဈေးနှုန်းများ ဆက်လက်ကျဆင်းခဲ့ရာ မန္တလေးဈေးကွက်တွင် မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၄၆၉၇၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၄၅၉၂၀၀ သို့ လည်းကောင်း၊ မုံရွာဈေးကွက်တွင် ယခင် တစ်တန်ဈေးနှုန်း ငွေကျပ် ၄၈၉၉၀၀ မှ ငွေကျပ် ၄၄၃၉၀၀ သို့ လည်းကောင်းကျဆင်းခဲ့သည်။

**ပဲတီစိမ်း ။** ။ မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်းငွေကျပ် ၄၈၉၉၀၀ ရှိခဲ့ရာမှ ယခုငွေကျပ် ၄၃၅၄၀၀ သို့ ဈေးနှုန်းကျဆင်းခဲ့သော်လည်း မုံရွာဈေးကွက်တွင်မူ ယခင် တစ်တန်ဈေးနှုန်းငွေကျပ် ၄၈၃၁၀၀ သာရှိခဲ့ရာမှ ယခု ငွေကျပ် ၅၀၅၈၀၀ သို့လည်းကောင်း ဈေးနှုန်းတက်လာခဲ့သည်။

**ပဲစင်းငုံ(နီ) ။** ။ ယခင်အပတ်နှင့် နှိုင်းစာပါက ဈေးနှုန်းအနည်းငယ်တက်လာသော ဈေးကွက်ဖြစ်သည်။ မန္တလေးဈေးကွက်တွင် ယခင်အပတ်က တစ်တန်ဈေးနှုန်း ငွေကျပ် ၃၉၃၁၀၀ မှ ငွေကျပ် ၃၉၈၀၀၀ သို့လည်းကောင်း၊ မုံရွာဈေးကွက်တွင် ပဲစင်းငုံ(နီ) တစ်တန် ငွေကျပ် ၃၉၁၉၀၀ သာ ရှိခဲ့ရာမှ ငွေကျပ် ၃၉၈၀၀၀ သို့လည်းကောင်း ဈေးနှုန်းများတက်လာခဲ့သည်။

**ကြက်သွန်နီ ။** ။ ရန်ကုန်နှင့် မန္တလေး၊ မကွေးဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၉၀၀၊ မုံရွာ၊ ပဲခူးနှင့် ပခုက္ကူဈေးကွက်များတွင် တစ်ပိဿာငွေကျပ် ၈၀၀ စသည်ဖြင့် အရောင်းအဝယ်ရှိခဲ့သော်လည်း တောင်ကြီးနှင့် မြစ်ကြီးနားဈေးကွက်များတွင်မူ တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၅၀၀ အထိ ရှိခဲ့သည်။

**ကြက်သွန်ဖြူ ။** ။ ရန်ကုန်နှင့် မုံရွာဈေးကွက်များတွင် ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင်၊ မန္တလေး၊ မကွေး၊ ပဲခူးနှင့် ပခုက္ကူဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၅၀၀ စသည်ဖြင့် ဈေးနှုန်းအမျိုးမျိုး ဖြစ်ပေါ်ခဲ့သည်။

* စာမျက်နှာ ၉ မှ

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့က ဧရာဝတီတံတား(ညောင်တုန်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတံတား(ညောင်တုန်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များကလည်း အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ညောင်တုန်း)၏ ညောင်တုန်းဘက်ခြမ်းတံတားထိပ်တွင် ထပ်မံ၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး တံတားကြီးကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ဧရာဝတီတံတား(ညောင်တုန်း)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ရှစ်စင်းမြောက်ဖွင့်လှစ်သည့် ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ နှစ်လမ်းမောင်းကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသည့် သံမဏိသံပေါင်တံတားကြီးဖြစ်ပြီး ဗိုလ်မြတ်ထွန်းတံတား၏အထက်ဘက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။





## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်တို့ ဧရာဝတီတံတား(ညောင်တုန်း) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

## ဧရာဝတီတံတား(ညောင်တုန်း)

**ဧရာဝတီတံတား(ညောင်တုန်း)ကို ဝေဟင်မှတွေ့ရစဉ်။**

(သတင်းစဉ်)

ပင်မတံတားအုတ်မြစ်မှာ ဘိုးပိုင်သံကူကွန်ကရစ်အမျိုးအစား၊ တံတားတိုင်များမှာ သံကူကွန်ကရစ်အမျိုးအစားနှင့် တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစား ဖြစ်သည်။ ပင်မတံတားမှာ ၇၄၀၂ ပေ ရှည်သည်။ ချဉ်းကပ်တံတား(ကားလမ်း)အနေဖြင့် ပုသိမ်ဘက်ကမ်း ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၁၅၇၅ ပေ စုစုပေါင်း ၃၄၁၂ ပေ ရှည်သည်။ ချဉ်းကပ်တံတား(ရထားလမ်း)အနေဖြင့် ပုသိမ်ဘက်ကမ်း ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း ၆၆၁၄ ပေ စုစုပေါင်း ၁၃၁၄၃ ပေ ရှည်သည်။

တံတားတစ်စင်းလုံးအနေဖြင့် ပင်မတံတား+ချဉ်းကပ်ကားလမ်းတံတားအရှည် ၁၀၈၁၄ ပေ၊ ပင်မတံတား+ချဉ်းကပ်ရထားလမ်း တံတားအရှည် ၂၀၅၄၅ ပေ ရှည်သည်။ ကားလမ်းအကျယ် ၂၈ ပေနှင့် ရထားလမ်းအကျယ် ၁၄ ပေရှိပြီး လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၅၇ ပေရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး တစ်နှစ် ၁၀ လ ၂၅ ရက်ဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့သည့် တံတားကြီးဖြစ်သည်။

ဧရာဝတီတံတား(ညောင်တုန်း)သည် ရထားလမ်းနှင့် ကားလမ်းပူးတွဲပါဝင်ရာ ယနေ့တွင် တံတားနှင့် ကားလမ်းကို ဖွင့်လှစ်ပေးခဲ့ပြီး ရထားလမ်းကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ယူနန်ပြည်နယ်မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကူရှောက်ချီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကူရှောက်ချီက တွေ့ဆုံပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၂၆ ရက်တွင် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်ကြည့်ရှု၍ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံသည်။

**သွားရောက်လေ့လာ**

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် စစ်ဆောင်ပန်န ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ကျင်းဟုန်မြို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။ (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ကူရှောက်ချီ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



# ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဖလားတင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ (Season's Opening Tennis Tournament) ကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။**(ဓာတ်ပုံ)**

ပြိုင်ပွဲတွင် အမျိုးသား(၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ရှစ်ဦး၊ အမျိုးသမီး (၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ခြောက်ဦး၊ အမျိုးသား (၁၂)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၂၀ ဦး၊ အမျိုးသမီး (၁၂)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ခုနစ်ဦး၊ အမျိုးသား (၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၂၀ ဦး၊ အမျိုးသမီး (၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၁၀ ဦး၊ အမျိုးသမီး (၁၆)နှစ်အောက် တစ်ဦးချင်း ပြိုင်ပွဲ၌ ခြောက်ဦး၊ အမျိုးသားတစ်ဦးချင်း အလွတ်တန်းပြိုင်ပွဲ၌ ၁၉ ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲ၌ ၁၃ တွဲနှင့် အမျိုးသား-အမျိုးသမီး နှစ်ယောက်တွဲ (Mixed Doubles) ပြိုင်ပွဲ၌ ၇ တွဲတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲတွင် Tournament Director အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးကျော်တင့်က လည်းကောင်း၊ Referee အဖြစ် ဦးသိန်းအောင်က လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။ ပြိုင်ပွဲ၏ ပထမနေ့ပြိုင်ပွဲတွင် ၂၀ ပွဲ ကျင်းပပြီးစီးသည်။

ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကို ဒီဇင်ဘာ ၂ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အဆင့်မြင့်ပညာဦးစီးဌာန (အမျိုးသား) ပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဦးစီးအဆင့်(အမျိုးသား) ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ တံခွန်စိုက်ဖလားဆုရ အဆင့်မြင့်ပညာဦးစီးဌာန အောက်မြန်မာပြည်(က) အသင်းအား ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က ဆုများကို ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူတို့က အကောင်းဆုံးရိုက်ခုတ်ဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ဆယ်မဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ ထူးချွန်အားကစားသမားများအား ဆုတံဆိပ်များနှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်ထောင်စုဖွားတိုင်းရင်းသား တားဆီးကာကွယ်မီးရန်စွယ်**

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပညာရေးအထောက်အပံ့များ၊ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားနှင့် အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၇

**နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အောင်သီရိဖောင်ဒေးရှင်းက ပညာရေးအထောက်အပံ့များ၊ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါမြို့နယ်ရှိ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်သည်။**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက တစ်နိုင်ငံလုံး၌ အခြေခံပညာ ကျောင်းပေါင်း ၄၁၀၀၀ ကျော် ဖွင့်လှစ်ထားပြီး ဆရာ၊ ဆရာမ ၂၇၀၀၀ ကျော်က ကျောင်းသား၊ ကျောင်းသူ ရှစ်သန်းကျော်အား လေ့ကျင့်သင်ကြားပေးနေမှု၊ ဝန်ကြီးဌာနအနေဖြင့် ယခုပညာသင်နှစ်ကို အမျိုးသားပညာရည် မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်း၏ တတိယနှစ်တို (၅)နှစ် စီမံကိန်းပထမနှစ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အခြေခံပညာကဏ္ဍတွင် အဓိကလုပ်ငန်းစဉ်နှစ်ရပ်ဖြစ်သည့် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးနှင့် အခြေခံပညာ အရည်အသွေး မြင့်မားရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ နိုင်ငံတော်က ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းအဆောက်အအုံများ ပြည့်စုံလုံလောက်ရေးနှင့် တိုးတက် ကောင်းမွန်ရေးအတွက် မိဘပြည်သူများနှင့် ပူးပေါင်း

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

# ရောဂါဖြစ်မှုကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်နိုင်ကြရေး ကျန်းမာရေးဗဟုသုတများ တတ်အားသရွေ့ပေး

# ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး စသည့် သန့်လေးသန့်၏ အကျိုးကျေးဇူးများကို လူနာများအား မျှဝေ

နေပြည်တော် နိုဝင်ဘာ ၂၇

**ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများအပါအဝင် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးခန်းများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ခုတင် (၁၀၀) ဆံ့ ဆေးရုံသစ်ကို ယနေ့နံနက် ၈ နာရီတွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**

ယခု ဖွင့်လှစ်လိုက်သည့် ဆေးရုံကို ယနေ့မှစတင်၍ အသုံးပြုနိုင်တော့မည် ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမည့် နေ့တစ်နေ့ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့် ယခင်ရှိပြီး ခုတင် (၅၀) ဆံ့ဆေးရုံအပြင် ယခုမြို့နယ် ဆေးရုံခုတင် (၁၀၀) ဦ့ပါ အချိန်မရွေး လွယ်လွယ်ကူကူ ပြသကုသနိုင်ကြတော့မည်ဖြစ်သည်။

အဆိုပါ ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး ဆေးရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဖွင့်ပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးနှင့် နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့ကဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆေးရုံသစ်ရှိ လူနာစမ်းသပ်ခန်း၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်ခန်း၊ ခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်းနှင့် ကလေးကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဖွင့်ပွဲမဏ္ဍပ်၌အမှာစကားပြောကြားရာတွင် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်အောင် ခုတင် (၁၀၀) ဆံ့ ဆေးရုံကြီး အမြန်ဆုံးတည်ဆောက်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်လျာထားချက်အရ နေပြည်တော်အထူးဖွံ့ဖြိုးရေး စီမံကိန်းအဖွဲ့က ကြိုးစားတည်ဆောက်ပေးခဲ့သည့် အတွက် ယခုကဲ့သို့ ခံ့ညားထည်ဝါသော ဆေးရုံသစ်ကြီးကို တွေ့မြင်ကြရခြင်းဖြစ်ပါကြောင်း၊ ဤခုတင် (၁၀၀) ဆံ့ မြို့နယ်ဆေးရုံသစ်ကို ယနေ့ စတင်အသုံးပြုနိုင်မည်ဖြစ်ဖြစ်သည့်အတွက် ယနေ့သည် နိုင်ငံတော်အတွက်ရော၊ ဒေသနေပြည်သူလူထုကြီးအတွက်ပါ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တပ်ကုန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံသစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)